ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၊ (၂၂၈/၂၀၁၈)

၁၃၈၀ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

## မြန်မာ့ကမ်းရိုးတန်းသွားစက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ်များသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄-ခ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောများတွင်စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ကျွမ်းကျင်မှုလက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက်များကို သတ်မှတ်လိုက်သည်။

**၃။ ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောများတွင် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား ပထမတန်း စက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည်-

(က) အောက်ဖော်ပြပါ သတ်မှတ်ချက်တစ်ခုနှင့်ကိုက်ညီပြီး မြန်မာ့ကမ်းရိုးတန်းသွား ပထမတန်း စက်ခန်းအုပ်သင်တန်းတက်ရောက်ပြီး ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများ အောင်မြင်ရမည်-

(၁) ပြည်တွင်းရေကြောင်းသွား ပထမတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၅၀ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွားရေယာဉ်တွင် စက်ခန်းအုပ်လုပ်သက် (၂)နှစ် ရှိရမည်၊ (သို့မဟုတ်)

(၂) ပြည်တွင်းရေကြောင်းသွား ပထမတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ အထူးမွမ်းမံသင်တန်း တက်ရောက်ပြီး စက်ခန်းအုပ် လုပ်သက် (၁)နှစ် ရှိရမည်၊ (သို့မဟုတ်)

(ဂ) မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၅၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် စက်ခန်းအုပ်လုပ်သက် (၁)နှစ် ရှိရမည်။

(သို့မဟုတ်)

(ခ) တပ်မတော်(ရေ)စက်မှုလက်မှုသင်တန်းဌာန၏ ရေယာဉ်စက်ပြင်သင်တန်း တက်ရောက်အောင်မြင်ပြီး စက်ဘက်ဆိုင်ရာ ပင်လယ်ပြင်လုပ်သက်(၁)နှစ်ရှိသည့် နှုတ်ထွက်ခွင့် (သို့မဟုတ်) အငြိမ်းစားယူပြီးသူဖြစ်ပါက မြန်မာ့ကမ်းရိုးတန်းသွားပထမတန်း စက်ခန်းအုပ် နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

၄။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၇၅၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောများတွင် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယတန်း စက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည်-

(က) ပြည်တွင်းရေကြောင်းသွားဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၅၀ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်တွင် စက်ခန်းအုပ်လုပ်သက်(၁)နှစ် ရှိရမည်၊(သို့မဟုတ်)

ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ဒုတိယတန်းအထူးမွမ်းမံသင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်၊

(သို့မဟုတ်)

ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၅၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွား သင်္ဘောတွင် စက်ခန်းသင်္ဘောသားလုပ်သက် (၂)နှစ် ရှိရမည်။

(ခ) မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယတန်းစက်ခန်းအုပ်သင်တန်း တက်ရောက်ပြီး ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများ အောင်မြင်ရမည်။

သန့်စင်မောင်

ပြည်ထောင်စုဝန်ကြီး

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ပဆ-(၃)/(Noti -DMA)၂၀၁၈( ၈၄ )

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

ဖြန့်ဝေခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း

ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ရေးလုပ်ငန်း } မြန်မာနိုင်ငံ ပြန်တမ်းအပိုင်း(၁)တွင်ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်ကြော်ငြာစာတွဲ

ရုံးလက်ခံ

မျှောစာတွဲ

အမိန့်အရ

ဝင်းခန့်

အမြဲတမ်းအတွင်းဝန်

\\Motdata\F\WATER\2018\DMA\Costal And Inland Final Nortification (6-11)\Coastal\Coastal Engine Driver - (11.18) Final.Docx